ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန
ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၃ /၂၀၂၀ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊စက်တင်ဘာလ ၃၀ ရက်

အကြောင်းအရာ။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများအား e-mail ဖြင့် လက်ခံဆောင်ရွက်ခြင်း၊ ငွေပေးသွင်းမှုအား Quick Pay ဖြင့်ပေးသွင်းနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် အသစ်ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းစဉ်များအား COVID-19 အရေးပေါ်ကာလအတွင်း လူချင်းထိတွေ့မှုလျှော့ချ၍ လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် လျှောက်ထားခြင်း၊ ငွေပေးသွင်းခြင်း၊ ပြန်လည်ထုတ်ပေးခြင်းလုပ်ငန်းစဉ်များတွင် အချက်အလက်များ ပေးပို့ချိတ်ဆက်ခြင်းအတွက် e-mail အသုံးပြု၍လည်းကောင်း ၊ Online မှ ငွေပေးချေခြင်းအတွက် Quick Pay ဖြင့်လည်းကောင်း (၁-၁၀-၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားခြင်း၊ ပြင်ဆင်လျှောက်ထားခြင်းများအတွက် eiprpathaka@gmail.com သို့ ပေးပို့လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်အသစ် လျှောက်ထားခြင်းအတွက် အောက်ပါအချက်အလက်များအား e-mail ဖြင့် ပေးပို့လျှောက်ထားရမည် ဖြစ်ပါသည်-

(က) Phone ၊ e-mail ၊ လိပ်စာပါဝင်သည့် ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးထားသည့် Company Letter Head ပါလျှောက်လွှာ (ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်အမည်၊ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ်အား ဖော်ပြပေးရန်)၊

( ခ ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် MyCO (Extract) ၊ (အများပိုင်ကုမ္ပဏီများအတွက် လုပ်ငန်းစတင် ဆောင်ရွက်ခွင့်လက်မှတ်)၊

( ဂ ) ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်၊ ရာထူး၊ လိပ်စာ၊ ပတ်စပို့ဓာတ်ပုံနှင့် လက်မှတ်နမူနာတို့ပါဝင်သော ဓာတ်ပုံဇယား ၊

(ဃ) ဒါရိုက်တာအဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်/Passport မိတ္တူ ၊

( င ) လုပ်ငန်းရည်ရွယ်ချက်(နိုင်ငံခြားကုမ္ပဏီဖြစ်ပါကဖော်ပြရန်)၊

( စ ) လုပ်ငန်းခွင့်ပြုမိန့်များ-

(၁) MIC ခွင့်ပြုမိန့် ( MIC ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများ အတွက်)၊

(၂) SEZ ခွင့်ပြုမိန့် (သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောကုမ္ပဏီများအတွက်)၊

(၃) လက်လီလက်ကားရောင်းချခွင့်မှတ်ပုံတင် (လက်လီလက်ကား ရောင်းချခွင့်မှတ်ပုံတင်ရရှိပြီးသောကုမ္ပဏီများအတွက်)၊

၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပြင်ဆင်လျှောက်ထားခြင်းအတွက် အောက်ပါအချက်အလက်များအား e-mail ဖြင့်ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်-

(က) Phone ၊ e-mail ၊ လိပ်စာပါဝင်သည့် ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦးက လက်မှတ်ရေးထိုးထားသည့် Company Letter Head ပါ လျှောက်လွှာ (ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်အမည်၊ မှတ်ပုံတင်မိတ္တူ၊ ဖုန်းနံပါတ် အားဖော်ပြပေးရန်)၊

( ခ ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် MyCO (Extract)၊ (အများပိုင်ကုမ္ပဏီများ အတွက် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်)၊

( ဂ ) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် မိတ္တူ၊

(ဃ) ဒါရိုက်တာအဖွဲ့ဝင်များ၏ နိုင်ငံသားစိစစ်ရေးကတ်/Passport မိတ္တူ၊

( င ) လုပ်ငန်းရည်ရွယ်ချက်ပြင်ဆင်ခြင်းအတွက်လုပ်ငန်းခွင့်ပြုမိန့်များ -

(၁) MIC ခွင့်ပြုမိန့် ( MIC ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ကုမ္ပဏီများ အတွက်)၊

(၂) SEZ ခွင့်ပြုမိန့် (သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောကုမ္ပဏီများအတွက်)၊

(၃) လက်လီလက်ကားရောင်းချခွင့်မှတ်ပုံတင် (လက်လီလက်ကား ရောင်းချခွင့်မှတ်ပုံတင်ရရှိပြီးသောကုမ္ပဏီများအတွက်)၊

၅။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် အသစ်လျှောက်ထားခြင်း၊ ပြင်ဆင်ခြင်းများအား ယခင်သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန